မြန်မာအွန်လိုင်းလက်ဖက်ရည်ဆိုင်
WWW.MMTEASHOP.COM



# လာမည့် ရွေးကောက်ပွဲမှာ မဲ ဘယ်လိုပေးရမှာလဲ

မောင်ကိုနီ(တရားရုံးချုပ်ရှေ့နေ)

http://mmteashop.com



# လာမည့် ရွေးကောက်ပွဲမှာ မဲ ဘယ်လိုပေးရမှာလဲ

မောင်ကိုနီ(တရားရုံးချုပ်ရှေ့နေ)

http://mmteashop.com

# လာမည့် ရွေးကောက်ပွဲမှာ 'မဲ' ဘယ်လို ပေးကြရမှာလဲ

မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)

http://mmteashop.com

**စာမူခွင့်ပြုချက်အမှတ်**

၃၁၀၀ ၂၁၀၁၁၂

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၃၁၀၀ ၂၀၀၁၁၂

**ပထမအကြိမ်**

၂၀၁၂ ဇန်နဝါရီ

**စောင်ရေ**

၁၀၀၀

**အဖုံးဒီဇိုင်း**

ချစ်ကြည်

**အတွင်းဒီဇိုင်း**

ကာဠု

**ဖလင်**

ကာလာကင်း

**တန်ဖိုး**

၃၀၀ ကျပ်

**ထုတ်ဝေသူ**

ဦးနေမျိုး စာပေ

အမှတ် ၁ ၊ သုမင်္ဂလာလမ်း၊ ၅ ရပ်ကွက်၊

တောင်ဥက္ကလာပ။

**ပုံနှိပ်သူ**

ဒေါ်ခင်လှ (၀၁၅၇၈)

စာပေလောကပုံနှိပ်တိုက်

၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့

၈၀၈.၈၄

မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)

လာမည့်ရွေးကောက်ပွဲမှာ 'မဲ' ဘယ်လိုပေးကြမလဲ/ မောင်ကိုနီ။ - ရန်ကုန် ၊ ဦးနေမျိုးစာပေ ၊ ၂၀၁၁ ။

၃၆ - စာ ၊ ၁၃. ၁ × ၂၁.၄ စင်တီ။

(၁) လာမည့်ရွေးကောက်ပွဲမှာ 'မဲ' ဘယ်လိုပေးကြမလဲ

http://mmteashop.com

# မာတိကာ


- မောင်ဝံသ အမှာ
- စာရေးသူ အမှာ

၁။ ရွေးကောက်ပွဲများနှင့် မဲ မသမာမှု (အမှတ် - ၁) - ၁
ကြိုတင်မဲ

၂။ ရွေးကောက်ပွဲများနှင့် မဲ မသမာမှု (အမှတ် - ၂) - ၉
ကြိုတင်မဲ

၃။ ရွေးကောက်ပွဲများနှင့် မဲ မသမာမှု (အမှတ် - ၃) - ၁၅
မဲပြားများ ဖြန့်ဝေ စီးဆင်းပုံ

၄။ ရွေးကောက်ပွဲများနှင့် မဲ မသမာမှု (အမှတ် - ၄) - ၂၃
မဲရေတွက်ခြင်း

၅။ ရွေးကောက်ပွဲများနှင့် မဲ မသမာမှု (အမှတ် - ၅) - ၃၁
ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း

http://mmteashop.com

# မဲမသမာမှုများ ဟန့်တားရေး ကြိုးပမ်းချက်

မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ) ကလောင်အမည်နဲ့ ဆောင်းပါးတွေ ကြိုးကြား ကြိုးကြား ရေးနေတဲ့ ဦးကိုနီကို ကွယ်လွန်သွားပြီဖြစ်တဲ့ ဦးကိုယု (ဆရာမောင်ကိုယု)ရဲ့ တပည့်ရင်းတစ်ယောက်အဖြစ် လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ်နီးနီးလောက်ကတည်းက သိကျွမ်းခဲ့ပါတယ်။ ဦးကိုနီဟာ ဆရာကောင်းတပည့်ပီသစွာ ထက်မြက်ထူးချွန်တဲ့ ရှေ့နေတစ်ယောက် ဖြစ်လာတယ်။ အောင်မြင်တဲ့ ဥပဒေသမားတစ်ယောက် ဖြစ်လာတယ်။ သူနဲ့ လူချင်း မဆုံမိတာ နှစ်နဲ့ချီ ကြာသွားပေမယ့် သူ့ရဲ့ အောင်မြင်မှု သတင်းတွေကို ရံဖန်ရံခါ ကြားနေရပါတယ်။

လွန်ခဲ့တဲ့ သုံးလလောက်တော့ ဦးကိုနီဟာ သူ့ရဲ့ရှေ့နေသက်တမ်းအတွင်း ခဲရာခဲဆစ် လိုက်ပါ ဆောင်ရွက်ခဲ့ရတဲ့ တရားမမှုအချို့အကြောင်းကို စာအုပ် ရေးသား ထုတ်ဝေပါတယ်။ အဲဒီစာအုပ် မိတ်ဆက်ပွဲကို ဖိတ်ကြားလို့ ကျွန်တော် သွားရောက်ခဲ့ပါတယ်။ အဲဒီနောက်တော့ တစ်နေ့မှာ ဦးကိုနီဟာ 'ရွေးကောက်ပွဲများနှင့် မဲမသမာမှု' ခေါင်းစဉ်နဲ့ သူ ရေးထားတဲ့ ဆောင်းပါး အချို့ကို ယူလာပြီး ပြည်သူ့ခေတ်ဂျာနယ်မှာ ထည့်ပေးစေချင်တယ်လို့ ပြောပါတယ်။ ဆောင်းပါး ခေါင်းစဉ်ကို တွေ့တာနဲ့ပဲ ကျွန်တော်က စိတ်ဝင်စား နေပါပြီ။ အယ်ဒီတာအဖွဲ့နဲ့ တိုင်ပင်ပြီး ထည့်သင့်တယ် ဆုံးဖြတ်ရင် ထည့်ပါမယ်လို့ ပြောလိုက်ပါတယ်။ ပြည်သူအများ ဖတ်မိရင် အကျိုးရှိမယ့် ဆောင်းပါးကောင်းတွေကို ရှာဖွေနေတဲ့ ပြည်သူ့ခေတ် အယ်ဒီတာအဖွဲ့ကလည်း ဘယ်အလွတ်ပေးပါ့မလဲ။ ဦးကိုနီရဲ့ 'ရွေးကောက်ပွဲများနှင့် မဲမသမာမှု' ဆောင်းပါးစဉ်ကို ဝမ်းမြောက်ဝမ်းသာ ဖော်ပြပေးခဲ့ပါတယ်။ စာဖတ်သူ ပြည်သူများကလည်း တစ်ပတ်ပြီးတစ်ပတ် စောင့်ဖတ်ပြီး ကျေနပ် အားရကြောင်း ကျွန်တော်တို့ထံ တုံ့ပြန်ကြပါတယ်။

http://mmteashop.com

မိတ်ဆွေရင်းချာအချို့ကတော့ သည်ဆောင်းပါးတွေကို စာအုပ်ကလေး တစ်အုပ်အဖြစ် သီးသီးသန့်သန့်ထုတ်ဝေပြီး ပြည်သူတွေအကြား များနိုင်သမျှ များများဖြန့်ဝေဖို့ အကြံပေးတိုက်တွန်းပါတယ်။ သို့အားဖြင့် နောင်လာမယ့် ရွေးကောက်ပွဲတွေမှာ မဲမသမာမှုတွေ နည်းနိုင်သမျှနည်းအောင် ပညာပေး နှိုးဆော်ရာရောက်မယ်လို့ သူတို့ကမျှော်လင့်ပါတယ်။ ဒါကြောင့်လည်း ခမ္ဘဒါန စာအုပ်လေးတွေကို ဖြန့်ဝေတဲ့ ပုံစံမျိုးနဲ့ အလှူရှင်များ ပေါ်ပေါက် လာပါတယ်။ တစ်ဦးချင်းအနေနဲ့ တတ်နိုင်သလောက် အုပ် ၅၀၊ အုပ် ၁၀၀ စသည်ဖြင့် ကြိုတင် ငွေပေးသွင်းပြီး 'ရွေးကောက်ပွဲများနှင့် မဲမသမာမှု' စာအုပ်ကလေးတွေကို မှာယူထားကြပါတယ်။ သူတို့က နီးစပ်ရာ မိတ်ဆွေတွေဆီကို ပျံ့နှံ့အောင် ဖြန့်ဖြူးကြမယ်လို့ ရည်ရွယ်ပါတယ်။

သူတို့ ဘာကြောင့် ခုလို စိတ်အားထက်သန်နေကြပါသလဲ။ စေ့စေ့ ကြည့်တဲ့အခါ ရွေးကောက်ပွဲများမှာ မဲမသမာမှု ကင်းရှင်းနိုင်သမျှ ကင်းရှင်း စေချင်တဲ့ ကောင်းမြတ်သော ဆန္ဒကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ ဦးကိုနီရဲ့ ဆောင်းပါးများဟာ ရွေးကောက်ပွဲများမှာ မဲမသမာမှုပြုလုပ်နိုင်တဲ့ ဟာကွက်များကို ထောင့်စေ့အောင် ပြဆိုထားပြီး ကာကွယ်ဟန့်တားနိုင်တဲ့ နည်းလမ်းများကို လွယ်ကူရှင်းလင်းတဲ့ အရေးအသားများဖြင့် တင်ပြထား ပါတယ်။ မဲမသမာမှု ပြုလုပ်သူကို မည်သို့ အရေးယူနိုင်သည်ကိုလည်း တိတိကျကျ ဖွင့်ဆိုရှင်းပြထားပါတယ်။ ဒါကြောင့် ဤစာအုပ်ကလေးကို သေချာဖတ်ရှု လေ့လာမည်ဆိုရင် လာမည့် ရွေးကောက်ပွဲတွေမှာ မဲမသမာမှု ပြုဝံ့သူတောင် အတော် နည်းပါးသွားနိုင်ပါတယ်။

မဲမသမာမှုဆိုတာ အရပ်သား အများစုနားလည်တဲ့ စကားနဲ့ပြောရင် မဲလိမ် မဲခိုးတာ၊ အာဏာသုံး ခြိမ်းခြောက်ပြီး မဲထည့်ခိုင်းတာ၊ မဲစာရင်းတွေကို မမှန်မကန် ထုတ်ပြန်တာ စသည်ဖြင့် နည်းလမ်းပေါင်းစုံ ပါဝင်တယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ကျင်းပတဲ့ ၁၉၅၂၊ ၁၉၅၆၊ ၁၉၆၀ ပါလီမန် ဒီမိုကရေစီ ရွေးကောက်ပွဲတွေမှာ အာဏာရပါတီက မဲမသမာမှုတွေ ကျူးလွန်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေ အများကြီး ရှိခဲ့ပါတယ်။ ၁၉၅၆ ရွေးကောက်ပွဲမှာဆိုရင် မင်းလှလေးလောင်းပြိုင်လူ သတ်မှုလို၊ ဆီတောင်အိုင် လူသတ်မှုလို အတိုက်အခံ နိုင်ငံရေးသမားတွေကို နှိပ်စက်သတ်ဖြတ်မှုတွေ အထိ ဖြစ်ပွားခဲ့ပါတယ်။ ၁၉၆၀ ရွေးကောက်ပွဲကျတော့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးဖို့ အာဏာယူထားပါတယ် ဆိုတဲ့ အိမ်စောင့်အစိုးရ ခေါင်းဆောင်အချို့ကပါ တည်မြဲဖဆပလ အနိုင်ရရေး အတွက် မသမာမှုမျိုးစုံ ကျူးလွန်ပြီး ဝင်ရောက် စွက်ဖက်ခဲ့ကြတယ်။

http://mmteashop.com

သို့ပေမဲ့ မသမာမှုတွေကို တွန်းလှန်ပြီး ပြည်သူလူထုက ဦးနု ခေါင်းဆောင်တဲ့ သန့်ရှင်း ဖဆပလကို ပံ့အော မဲပေးခဲ့ကြတဲ့အတွက် သူတို့ အကြံ မအောင်ခဲ့ပါဘူး။ မည်သို့ရှိစေ၊ ၁၉၆၀ ရွေးကောက်ပွဲမှာ တည်မြဲ ဖဆပလ အနိုင်ရရေးအတွက် မဲလိမ်မဲခိုး မဲပုံးဖောက်၊ အတိုက်အခံတွေကို ဖမ်းဆီး ထောင်ချ ကိုကိုးကျွန်းပို့ စတာတွေကို အာဏာရှိသူတွေက ကျူးလွန်ခဲ့တယ် ဆိုတာကတော့ သမိုင်းမှတ်တမ်းဝင်သွားပါပြီ။ သမိုင်းအချက်အလက်ဆိုတာ ဘယ်သူမှ ဘယ်တော့မှ ဘယ်လိုနည်းနဲ့မှ ဖျောက်ဖျက်လို့မရပါဘူး။

မဲမသမာမှု ဆိုတာ အင်မတန်မှ အကုသိုလ်များတဲ့ အလုပ်ပါ။ သမိုင်းအမည်းစက် အဖြစ်ခံပြီး ဘာကြောင့်များ လုပ်ချင်ကြတယ်ဆိုတာ စဉ်းစားလို့တောင် မရပါဘူး။ 'သမုဒ္ဒရာ ရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာ' မင်းချမ်းသာ အာဏာကလေး ရဖို့အတွက် သားစဉ်မြေးဆက် ဖျက်လို့မရတဲ့ အမည်းစက်ကြီး အစွန်းထင်းခံဝံ့သူတွေအတွက် သူတို့ကိုယ်စား ကျောချမ်းမိပါသေးရဲ့။

မဲမသမာမှုဆိုတာ တိုးတိုးတိတ်တိတ် ကြိတ်လုပ်လို့ ရတာမျိုးလည်း မဟုတ်ပါဘူး။ ဟိုးလေးတကျော် မျက်နှာပြောင်တိုက်ရတဲ့ အလုပ်မျိုး ဖြစ်ပါတယ်။ မဲလိမ် မဲခိုးပြီး အမတ်ဖြစ်လာသူက ပြည်သူတွေကြားမှာ မျက်နှာပြောင်တိုက်ပြီး နေထိုင် သွားလာ ဆက်ဆံနေရမှာပါ။ ယိုသူမရှက် မြင်သူရှက်ဆိုတာမျိုးလို ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲများမှာ မဲမသမာမှု ကျူးလွန်ပြီး အကုသိုလ် ဖြစ်ရသူတွေလည်း နောက်ထပ် မရှိစေချင်တော့ပါ။ မဲမသမာမှု ကျူးလွန် လိုသည့် တိုင်အောင် ကျူးလွန်ခွင့် မရနိုင်သည့် အခြေအနေမျိုးသာ ဖြစ်ပေါ်စေချင်ပါတယ်။ နောက်လာမည့် ရွေးကောက်ပွဲတိုင်း တရားမျှတ လွတ်လပ်စွာ ကျင်းပနိုင်ရေးကို ကျွန်တော်တို့ ပြင်းပြစွာ လိုလားတောင့်တ ပါတယ်။ ဦးကိုနီရဲ့ ဆောင်းပါးများဟာ တရားမျှတ လွတ်လပ်သော အနာဂတ် ရွေးကောက်ပွဲများ ပေါ်ထွန်းရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အနေ အားဖြင့် အထောက်အပံ့ ဖြစ်စေလိမ့်မည်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဥပဒေပညာရှင်တစ်ယောက်ရဲ့ပွင့်လင်းရိုးသားတဲ့ အမြင်နဲ့ တင်ပြထားတဲ့ 'ရွေးကောက်ပွဲများနှင့် မဲမသမာမှု' ဆောင်းပါးများကို စုစည်း ထုတ်ဝေခြင်းဟာ မဲမသမာမှုများကို ကြိုတင်ဟန့်တားဖို့ ကြိုးပမ်းချက်တစ်ရပ်ပဲ ဖြစ်ပါကြောင်း။

ဒီမိုကရေစီ အရေးတော် အောင်ရမည်။

**မောင်ဝံသ**

**၂၇-၁၂-၂၀၁၁**

http://mmteashop.com

# စာရေးသူ အမှာစာ

ကျွန်တော့်အသက် ၆၀ အတွင်း မှတ်မှတ်ရရ ပထမဆုံး ဆန္ဒမဲပေးရခြင်းနှင့် ကြုံကြိုက်ခဲ့ရသည်မှာ '၁၉၇၄ ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ' အတည်ပြုရေး ကိစ္စ ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်၊ အင်းဝဆောင်တွင် ဥပဒေ ပညာသင် ကျောင်းသားဘဝ ဖြစ်ပါသည်။ ဥပဒေကျောင်းသား တစ်ဦး ဖြစ်သည့်အလျောက် ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း၊ စနစ်အလိုက်၊ နိုင်ငံအလိုက် မတူကွဲပြားပုံကို သင်ကြားခံခဲ့ရသည်ဖြစ်ရာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ ဥပဒေ၏ အကောင်းအဆိုးတို့ကို အတော်အတန် သိရှိပါသည်။

ထိုနောက်ပိုင်း ၄ နှစ် တစ်ကြိမ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများ ပုံမှန် ပြုလုပ်ခဲ့သော်လည်း တစ်ပါတီ အာဏာပိုင်စနစ်ဖြစ်သည့်အလျောက် ကျွန်တော်တို့ ပြည်သူများ၏ ဆန္ဒက အဓိကမဖြစ်ဘဲ ပါတီဆန္ဒကသာ အဓိကဖြစ်သည်ကိုလည်း ကြုံတွေ့ခဲ့ရပါသည်။

၁၉၄၈ ခုနှစ်နှင့် ၁၉၆၁ ခုနှစ်အကြား ပါတီစုံ ဒီမိုကရေစီခေတ် လွတ်လပ်၍ တရားမျှတသော လွှတ်တော် ရွေးကောက်ပွဲများ ရှိခဲ့သော်လည်း

http://mmteashop.com

ကျွန်တော် အရွယ်မရောက်သေး၍ မဲပေးခွင့်မရခဲ့ပါ။ လူကြီးများ၏ ပြောစကားနှင့် စာအုပ်များ ဖတ်ရမှုကြောင့် သိရှိရသည့် ဗဟုသုတ အနည်းငယ်မျှသာ ရှိပါသည်။

ကျွန်တော်၏ ဘဝတွင် ပထမဆုံး ကြုံတွေ့ရသည့် လွတ်လပ်၍ တရားမျှတသော ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲမှာ '၁၉၉၀' ပြည့်နှစ် တပ်မတော်အစိုးရက ပြုလုပ်ပေးခဲ့သည့် ရွေးကောက်ပွဲကြီး ဖြစ်ပါသည်။ ရွေးကောက်ပွဲကြီး၏ အကျိုးရလဒ်ကို ကျွန်တော်တို့ မခံစားရသော်လည်း ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကြီး၏ တရားမျှတမှုနှင့် သမာသမတ်ကျမှုကိုကား နိုင်ငံတကာကပင် အသိအမှတ်ပြုခဲ့ကြသည်ကို ကိုယ်တိုင် ကြုံတွေ့ခဲ့ရပါသည်။

ကျွန်တော်၏ ဘဝတွင် နှစ်ပေါင်း ၂၀ ကြာပြီးမှ ဒုတိယအကြိမ် ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲကြီးကို ၂၀၁၀ ပြည့်နှစ်တွင် ထပ်မံ ကြုံရပါသည်။ သို့သော်လည်း ကန့်ကွက်မှုများနှင့် အတိုင်အတော ပြဿနာများ အများအပြားကို ဝမ်းနည်းဖွယ် ကြုံတွေ့ခဲ့ရပါသည်။


ဥပဒေရှုထောင့်မှ ပြောရပါက ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် ကွာခြားမှု မရှိလှပါ။ အနှစ်သာရအားဖြင့် အတူတူပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ပြဿနာများ ဖြစ်ပေါ်ရခြင်းမှာ 'လူတို့ကြောင့်ဖြစ်ရသည်' ဆိုသည့် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီး ထောက်ပြချက်သည် အရေးပါပြီး အနှစ်သာရ ရှိလှသည်ဖြစ်၍ **'ရွေးကောက်ပွဲဆိုင်ရာဥပဒေများသည်တရားမျှတစွာရေးဆွဲပြဋ္ဌာန်းသော ဥပဒေများဖြစ်ကြောင်း၊ ဘက်လိုက်ရေးဆွဲထားခြင်း မရှိကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူ 'လူ' တို့ကသာ အမှားအယွင်းမရှိအောင် တရားသဖြင့် ဆောင်ရွက်သွားကြလျှင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်လာနိုင်ကြောင်း'** အများပြည်သူ သိရှိနိုင်ရန် စေတနာဖြင့် ဤစာစုအား ရေးသားရခြင်းဖြစ်ပါကြောင်း။

**မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)**

http://mmteashop.com

# ရွေးကောက်ပွဲများနှင့် မဲ မသမာမှု – ၁

## ကြိုတင်မဲ



http://mmteashop.com

## သဘောပေါက်ပါသည်

ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌကြီး၏ အလွန်တိုတောင်းလှသော ‘မှတ်ချက်စကား’ အပေါ်အခြားသူများ မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုကြမည်ကို ကျွန်တော် မပြောနိုင်သော်လည်း ဥပဒေသမားတစ်ဦးဖြစ်သော ကျွန်တော့်အနေဖြင့် နားလည်သဘောပေါက်မိသည်ကို အမှန်အတိုင်း ရိုးသားစွာ ပြောပြလိုပါသည်။

## လူပိုင်းဆိုင်ရာမှာ

ရွေးကောက်ပွဲတစ်ခုတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများက တစ်ပိုင်း၊ ပါဝင် ပတ်သက်ကြသော ‘လူများ’ (ရွေးကောက်ပွဲဝင်သည့် ပုဂ္ဂိုလ်များနှင့် ကိုယ်စားလှယ်များ၊ မဲပေးကြသူ ပြည်သူများနှင့် ရွေးကောက်ပွဲ ကျင်းပရာတွင် ‘ဒိုင်’အဖြစ် ဆောင်ရွက်ပေးကြရသော ကော်မရှင်အဖွဲ့အဆင့်ဆင့်တွင် ပါဝင်ကြသောသူများ)က တစ်ပိုင်းဟု ၂ ပိုင်း ပါရှိရာ ဥပဒေ နည်းဥပဒေများ အပိုင်းတွင် အမှားအယွင်း အားနည်းမှု၊ ချို့ယွင်းမှု မရှိဘဲ ပါဝင်ပတ်သက်သော ‘လူ’ တို့နှင့် ဆိုင်သည့် အပိုင်းတွင်သာ အမှားအယွင်းရှိနိုင်သည်ဟု ကော်မရှင် ဥက္ကဋ္ဌကြီးက ပြောဆိုလိုသည်ဟု ထင်မြင်ယူဆမိပါသည်။

http://mmteashop.com


ပြီးခဲ့သည့် (၂၀၁၀ ပြည့်နှစ်) ရွေးကောက်ပွဲကြီးအပေါ် ကျွန်တော့်အနေဖြင့် ထင်မြင်ချက်၊ ဝေဖန်ချက်ပေးရန် ဆန္ဒမရှိပါ။ သို့သော်လည်း ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကြီး ပြောခဲ့သည့် 'လူတို့၏ အမှား' နည်းနိုင်သမျှ နည်းအောင် လာမည့်ကြားဖြတ် ရွေးကောက်ပွဲများတွင် မည်သို့ ဆောင်ရွက်ကြသင့်သည်ကို တင်ပြလိုသည့် ဆန္ဒဖြစ်ပေါ်လာသဖြင့် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

## ကြိုတင်မဲ ဆိုသည်မှာ

ပထမဆုံး အကြောင်းအရာအနေဖြင့် ကျွန်တော် 'ကြိုတင်မဲ' အကြောင်း ဆွေးနွေး တင်ပြလိုပါသည်။ အချို့နိုင်ငံများ၏ ရွေးကောက်ပွဲဥပဒေတွင် 'ကြိုတင်မဲ' ပေးခွင့် ရှိကြောင်း ပြဋ္ဌာန်းထားခြင်း မရှိပါ။ 'ကြိုတင်မဲ' ကြောင့် ပေါ်ပေါက်လာမည့် လုပ်ငန်းစဉ်များ၊ ငွေကြေး စရိတ်စက ကုန်ကျမှုများနှင့် အငြင်းပွားဖွယ်ရာ ပြဿနာများကြောင့် ပြဿနာနည်းနိုင်သမျှနည်းရန် 'ကြိုတင်မဲ' ပေးခွင့် မပြုခြင်းဖြစ်သည်ဟု ယူဆရပါသည်။

## မဲရုံသို့ မလာနိုင်သူများ

နိုင်ငံအချို့၏ ရွေးကောက်ပွဲ ဥပဒေများတွင် 'ကြိုတင်မဲ' ပေးခွင့်ပြုကြောင်း ပြဋ္ဌာန်းပေးထားသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့နိုင်ငံ၏ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဥပဒေတွင် 'ကြိုတင်မဲ' ပေးခွင့် ပြုသကဲ့သို့ ဒီမိုကရေစီနိုင်ငံ တော်တော်များများ 'ကြိုတင်မဲ' ပေးခွင့်ပြုသည်ကို တွေ့ရပါသည်။ လူ့အခွင့်အရေးကို လေးစား တန်ဖိုးထားသည့်အနေဖြင့် 'ကြိုတင်မဲ' ပေးခွင့်ပြုခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲ ကျင်းပမည့်နေ့တွင် မဲရုံသို့ လာရောက်၍ မဲပေးရန်အခြေအနေ မပေးသူများ (ဥပမာ - နာမကျန်း၍ ဆေးရုံတက်နေရသူ၊ မသန်စွမ်းသူ၊ မီးဖွားနေသူ၊ ခရီးသွားရန်ရှိသူနေသူ စသည်တို့) ၏ အခွင့်အရေးကို မဆုံးရှုံးစေလို၍ ခွင့်ပြု ထားခြင်းဖြစ်ပါသည်။

## မဲပေးခွင့် မဆုံးရှုံးရန်

**'ကြိုတင်မဲ' ဆိုသည်မှာ 'ညစ်' ရန် သို့မဟုတ် 'မဲ မသမာမှု' ပြုလုပ်နိုင်ရန် လမ်းဖွင့်ပေးထားခြင်း မဟုတ်ဘဲ 'လူတစ်ဦးချင်း၏ မဲပေးခွင့် အခွင့်အရေး' ကို မဆုံးရှုံးစေရန် တတ်နိုင်သမျှ ကာကွယ်ပေးသည့်အနေဖြင့် ပြဋ္ဌာန်း ပေးထားခြင်း ဖြစ်သည်ကို 'လူအများ' နားလည် သဘောပေါက်ကြရန် လိုပါသည်။**

## နားလည် လွယ်ကူနိုင်ရန်

ထို့ကြောင့် ကျွန်တော် ဤဆောင်းပါးတွင် 'ကြိုတင်မဲ' အကြောင်းနှင့်ပတ်သက်၍ လက်ရှိရွေးကောက်ပွဲ ဥပဒေနှင့်ရွေးကောက်ပွဲ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို အများ နားလည်ရန်ခက်သည့် ဥပဒေစကားလုံးများကို မသုံးဘဲ အလွယ်တကူ နားလည်နိုင်လောက်မည်ဟု ထင်မြင်ယူဆသည့် စကားလုံးများကို သုံးနှုန်း၍ ရှင်းလင်းတင်ပြလိုပါသည်။

ကြိုတင် ဆန္ဒမဲပေးနိုင်သူများကို အုပ်စု ၂ မျိုးခွဲ၍ ပြောရလျှင် အဆင်ပြေမည် ထင်ပါသည်။

- ပထမအုပ်စု ( မြို့နယ်ကော်မရှင် အဖွဲ့ခွဲတွင် မဲပေးနိုင် သူများ ) တွင် - မဲဆန္ဒနယ် ပြင်ပရောက်နေသော

၁။ တပ်မတော်သားများ

၂။ ကျောင်းသားများ

၃။ သင်တန်းသားများ

၄။ အချုပ်ခံနေရသူများ

၅။ ဆေးရုံတက်နေရသူများ

ပါဝင်ပြီး၊ ထိုသူများအတွက် ကြိုတင်မဲပေးနိုင်ရန် ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ရပါမည်။

http://mmteashop.com


- ဒုတိယအုပ်စု (ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ ခွဲတွင် မဲပေးနိုင်သူများ) တွင်

၁။ ရွေးကောက်ပွဲနေ့တွင် ခရီးဝေး သွားရန်ရှိနေသူ
၂။ အနာကြီးရောဂါ စွဲကပ်နေသူ
၃။ ပြင်းထန်စွာ ရောဂါဝေဒနာ ခံစား နေရသူ
၄။ အသက်ကြီးရင့်နေသူ
၅။ သားဖွားနေသူ
၆။ ရဲ/အကျဉ်းစခန်းတွင် အချုပ်ခံ နေရသူ
၇။ ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသခံနေရသူ
၈။ အခြား အရပ်တွင် ယာယီတာဝန် ထမ်းဆောင်နေရသော နိုင်ငံ့ဝန်ထမ်း/ တပ်မတော်သား/ ရဲတပ်ဖွဲ့ဝင်

စသည်တို့ ပါဝင်ပြီး ထိုသူများ 'ကြိုတင်မဲ' ပေးနိုင်ရန်အတွက် ရပ်ကွက်/ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရပါမည်။

*( အထက်ပါအချက်များမှာ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၅ ပါ အချက်များကို ကိုးကား၍ ရေးသားဖော်ပြထား ခြင်းဖြစ်ပါသည် )*

## ပေးချင်တိုင်း ပေးလို့မရ

သို့ဖြစ်ရာ အထက်ဖော်ပြပါ အချက်များကို ကြည့်ပါက 'ကြိုတင်မဲ' ကို ပေးလိုသူတိုင်း ပေးခွင့်မရှိ ကြောင်း၊ ဥပဒေအရ ကြိုတင်မဲပေးခွင့် ရှိသူများသာ ပေးနိုင်ကြောင်း သက်ဆိုင်သူများ သတိပြုကြရန် လိုပါသည်။ ထို့အပြင် 'ကြိုတင်မဲ' ပေးနိုင်သူများ ကို သီးသီးသန့်သန့် ကန့်သတ် သတ်မှတ်ပြဋ္ဌာန်း ထားသည်ဖြစ်၍ အကန့်အသတ် ရှိနေကြောင်း၊ မဲပေးနိုင်သူ စုစုပေါင်း၏ ရာခိုင်နှုန်း အနည်းငယ်သာ ဖြစ်နိုင်ကြောင်း၊ အကယ်၍ မဲရုံတစ်ရုံတွင် 'ကြိုတင်မဲ' ပေးသူ အများအပြားရှိနေပါက မဲ မသမာမှုများ ရှိမရှိ စစ်ဆေးရန်လိုအပ်ကြောင်း သတိပြုကြစေလိုပါသည်။ *(စစ်ဆေးနိုင်သည့် နည်းလမ်းများကို ရွေးကောက်ပွဲ ဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်း ထားပြီး ဖြစ်ပါသည်။ နောင်အခါ အခွင့်ကြုံပါက ရေးသားတင်ပြပါမည်)*

http://mmteashop.com



## မဲရုံ မဖွင့်မီ ရောက်နေရမည်

'ကြိုတင်မဲ' အကြောင်း ဆက်လက်တင်ပြလိုပါသည်။ ရပ်ကွက်/ ကျေးရွာ ကော်မရှင် အဖွဲ့ခွဲသည် မိမိနှင့်ဆိုင်သည့် မဲရုံအတွက် ကြိုတင်ပေးထားသော မဲလက်မှတ်များနှင့် မဲဆန္ဒရှင် အမည်စာရင်းကို ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မဲရုံမဖွင့်မီ သက်ဆိုင်ရာ မဲရုံမှူး လက်ဝယ်အရောက် ပေးပို့ရမည်ဟု ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၈(က) တွင် ပြဋ္ဌာန်းထားရာ ကျွန်တော် အထက်တွင် တင်ပြခဲ့သည့် ဒုတိယအုပ်စုတွင် ပါဝင်သော လူ ၈ မျိုးက ပေးသည့် 'ကြိုတင်မဲ' များအားလုံးကို ဆန္ဒမဲ ရေတွက်အတည်ပြုမည့် မဲရုံသို့ မဲရုံမဖွင့်မီ နံနက်ပိုင်း ကတည်းကပင် ပေးပို့ထားပြီး ရောက်ရှိနေရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မဲရုံဖွင့်နေစဉ် အချိန်နှင့် မဲရုံပိတ်ပြီးနောက်ပိုင်းမှ ထိုကဲ့သို့သော ကြိုတင်မဲများ မဲရုံကိုရောက်လာရန် အကြောင်းမရှိ တော့ကြောင်း သက်ဆိုင်သူများ သတိပြုကြရန် လိုအပ်ပါသည်။ အကယ်၍ မဲရုံပိတ်ပြီးမှ ထိုကဲ့သို့သော ကြိုတင်မဲမျိုး ထပ်မံရောက်လာပါက လုံးဝ တရားမဝင်သည်ကို သက်ဆိုင်သူများ (ရွေးကောက်ပွဲဝင်သူများနှင့် ဒိုင်များ) နားလည် သဘောပေါက်ထားကြရန် လိုအပ်ပါသည်။

## အများရှေ့မှောက်တွင်

ကျွန်တော် အထက်တွင် တင်ပြခဲ့သည့် ပထမအုပ်စုဝင် ၅ မျိုးက ပေးသော 'ကြိုတင်မဲ' များနှင့် ပတ်သက်၍ 'ရွေးကောက်ပွဲ ကျင်းပသည့်နေ့ ညနေ ၄ နာရီ မတိုင်မီ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ ရောက်ရှိနေသော ကြိုတင်မဲလက်မှတ်များကို သက်ဆိုင် သူတို့နှင့် အများပြည်သူတို့ ရှေ့မှောက်တွင် ရေတွက်ရမည်' ဟု ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၈ (ဃ)တွင် ပြဋ္ဌာန်းထားပါသည်။

### လုံးဝ တရားမဝင်

အထက်ပါ ပြဋ္ဌာန်းချက်အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်မဲ နောက်ဆုံး ရောက်ရှိနိုင်သည့်အချိန်မှာ ရွေးကောက်ပွဲ ကျင်းပသည့်နေ့ ညနေ ၄ နာရီအထိသာ

http://mmteashop.com

ဖြစ်ရာ ညနေ ၄ နာရီနောက်ပိုင်းမှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ရောက်လာသော ကြိုတင်မဲများ လုံးဝ တရားမဝင်ကြောင်း သက်ဆိုင်သူများ သတိပြုရန် လိုအပ်ပါသည်။

## ဥပဒေ အတိအကျ ရှိသည်

သို့ဖြစ်ရာ အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်များအရ ရွေးကောက်ပွဲတွင် **'ကြိုတင်မဲ' ပေးခွင့်ရှိသူများသာလျှင် 'ကြိုတင်မဲ' ပေးခွင့်ရှိကြောင်းနှင့်ပေးထားသော 'ကြိုတင်မဲ' များကိုလည်း သက်ဆိုင်ရာ မဲရုံများသို့ သတ်မှတ်ထားသည့် အချိန်အတွင်း အရောက်ပေးပို့ရန် ဥပဒေဖြင့် အတိအကျ သတ်မှတ်ပြဋ္ဌာန်းထားသည်ဖြစ်ကြောင်း၊ သတ်မှတ်ချိန် ကျော်လွန်ပြီးမှ မဲရုံသို့ ရောက်လာသော ဆန္ဒမဲများနှင့် ကြိုတင်မဲပေးခွင့် မရှိသူများ၏ ကြိုတင်မဲများမှာ တရားမဝင်ကြောင်း လာမည့် ကြားဖြတ် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မည့်သူများနှင့် အခြားသက်ဆိုင်သူများ အားလုံး သိရှိနိုင်ရန် တင်ပြအပ်ပါသည်။**

**မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)**

■

http://mmteashop.com

# ရွေးကောက်ပွဲများနှင့် မဲ မသမာမှု –၂
# ကြိုတင်မဲ



http://mmteashop.com

များမကြာမီကာလအတွင်း ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရန်ရှိသည့်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသဘောတရားများကို လူအများအလွယ်တကူ သိရှိနားလည် နိုင်စေရန် ရည်ရွယ်၍ ၃၁-၁၀-၁၁ နေ့ထုတ် ပြည်သူ့ခေတ်ဂျာနယ်မှ ဆောင်းပါးတစ်စောင် ရေးသားခဲ့ပါသည်။ ထိုဆောင်း ပါးတွင် ကြိုတင်မဲအကြောင်း သိရှိနားလည်ထားသင့်သည့် အကြောင်းအရာအချို့ကို ရေးသားဖော်ပြခဲ့ပါသည်။

ကျွန်တော်၏ ဆောင်းပါးဂျာနယ်တွင် ပါရှိခဲ့ပြီးနောက် ကျွန်တော့်ထံ ဖုန်းဖြင့် ဆက်သွယ်၍ လည်းကောင်း၊ လူကိုယ်တိုင် အားဖြင့်လည်းကောင်း ကျေးဇူးတင်စကားများပြောဆိုကြပြီး နောက်ထပ် ဆက်လက်ရေးသားရန် တိုက်တွန်းပြောဆိုကြပါသည်။

ထိုကဲ့သို့သော တွန်းအားပေးမှုများကြောင့် ကျွန်တော့်အနေဖြင့် လာမည့် ရွေးကောက်ပွဲများတွင် မဲ မသမာမှုများ မဖြစ်စေရန်နှင့် တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်စေရန်အတွက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ရန် စိတ်စေတနာ ဖြစ်ပေါ်လာသဖြင့် ဤဆောင်းပါးကို ဆက်၍ ရေးသားရခြင်းဖြစ်ပါသည်။

http://mmteashop.com


ပြီးခဲ့သည့် ပထမ ဆောင်းပါးတွင် ကြိုတင်မဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲ ဥပဒေကို ကိုးကား၍ ရေးသားတင်ပြခဲ့သည်ဖြစ်ရာ ယခု ဤဒုတိယဆောင်းပါးတွင် ရွေးကောက်ပွဲ နည်းဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို အကိုးအကားပြု၍ ကြိုတင်မဲ အကြောင်း ဆက်လက်တင်ပြ လိုပါသည်။

## ကြိုတင်မဲ အိမ်အထိ သွားတောင်း သင့်သလား

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ပုဒ်မ ၅၁ (ခ) (၁) တွင် မဲပေးရမည့်နေ့တွင် မဲရုံသို့ လာရောက်နိုင်စွမ်း မရှိသော အသက်ကြီးရင့်သူ၊ အနာကြီး ရောဂါစွဲကပ်နေသူ၊ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူ၊ မီးဖွားနေသူ (၄မျိုး ဖော်ပြထားပါသည်) တို့၏ နေအိမ်သို့ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့က အဖွဲ့ဝင် ၂ ဦးကို စေလွှတ်၍ ကြိုတင်မဲပေးနိုင်ကြောင်း၊ မပေးလိုပါကလည်း ရကြောင်း 'ရှင်းပြရမည်' ဟု ပြဋ္ဌာန်းထားပါသည်။

ဤနေရာတွင် မေးစရာတစ်ခု ပေါ်လာပါသည်။ ရပ်ကွက်၊ ကျေးရွာ ကော်မရှင် အဖွဲ့ခွဲသည် ဆန္ဒမဲပေးခွင့် ရှိသူများအနက် မည်သူများလာနိုင်ပြီး၊ မည်သူများ မလာနိုင်ကြောင်း ကြိုတင်၍စုံစမ်းထားရန် လိုအပ်ပါသလားဟူသော မေးခွန်း ဖြစ်သည်။ ကျွန်တော့်အမြင်ကို ပွင့်ပွင့်လင်းလင်း ပြောရပါက ကော်မရှင်အဖွဲ့ဝင် များသည် မဲပေးမည့်သူများ နေအိမ်သို့ မသွားသင့်ပါ။ 'မည်သည့် ပုဂ္ဂိုလ်အတွက် မဲဆွယ်သွားရောက်သနည်း' ဟု ရွေးကောက်ပွဲ ဝင်မည့်သူများက မေးလာနိုင်ပါ သည်။ သံသယ ဖြစ်နိုင်ပါသည်။

မဲပေးပိုင်ခွင့်ဆိုသည်မှာ နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ပိုင်အခွင့်အရေးဖြစ်ပြီး၊ ပေးလိုက ပေးနိုင်ပါသည်။ ကြိုတင်မဲလည်း (ဥပဒေနှင့်ညီပါက) ပေးနိုင်သည်။ ကြိုတင်မဲပေးလိုပါက မိမိကိုယ်တိုင်ဖြစ်စေ၊ တစ်ဦးဦးမှတစ်ဆင့် စီစဉ်၍ဖြစ်စေ ပေးသင့်ပါသည်။ (ဥပမာ-မီးဖွားနေသူက မဲပေးလို၍ တစ်ဦးဦးမှတစ်ဆင့်ခေါ်မှသာ ကော်မရှင်က သွားသင့်ပါသည်။ မဲပေးမည့်သူက မခေါ်ဘဲ ကိုယ်က မသွားသင့်ပါ။ သူက မခေါ်ဘဲ ကိုယ်ကသွားလျှင် အထင်လွဲရန် အကြောင်းများဖြစ်ပေါ်လာနိုင်ပါသည်)

မဲပေးသူ များများရဖို့က အဓိကအချက်မဟုတ်ပါ။ တရားမျှတ၍ သန့်ရှင်းသော ရွေးကောက်ပွဲဖြစ်သည်ဟု အများယုံကြည်စေရန်ကိုသာ အဓိကထား၍ ဆောင်ရွက်သင့်ပါသည်။

## ကြိုတင်မဲစာရင်း ထားရှိရမည်

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေပုဒ်မ ၅၁ (ဃ) တွင် ကြိုတင်မဲပေးသူများ၏ အမည်စာရင်းကို ရပ်ကွက်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲက ရေးမှတ်ထားရမည်ဖြစ်ကြောင်း၊ ထို့နောက် ယင်းစာရင်းနှင့် 'မဲလက်မှတ်များ' ကို ရွေးကောက်ပွဲ ကျင်းပသည့်နေ့ 'မဲရုံ မဖွင့်မီ' သက်ဆိုင်ရာ မဲရုံမှူးများထံ ပေးပို့ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

အထက်ပါ ပြဋ္ဌာန်းချက်အရ ကြိုတင်မဲပေးသူများ၏ အမည်စာရင်း သီးခြားရှိသည်ဖြစ်ရာ ထိုစာရင်းကို ကြည့်ခြင်းအားဖြင့် ထိုသူများသည် နာမကျန်းသူများလော၊ အသက်ကြီးရင့် သူများလော၊ မီးဖွားနေသူများလော ဆိုသည့်အချက်တစ်နည်း နည်းအားဖြင့် 'ကြိုတင်မဲ' ပေးခွင့်ရှိသူ ဟုတ်မဟုတ် ဆိုသည့်အချက်ကို မဲရုံမှူးများ၊ ရွေးကောက်ပွဲဝင်သူများ၊ ကိုယ်စားလှယ်များ အလွယ်တကူ သိနိုင်ပါသည်။

ယခင် ဆောင်းပါးတွင် မဲရုံမဖွင့်မီ ကြိုတင်ရောက်ရှိနေရမည့် ကြိုတင်မဲလက်မှတ်များ နောက်မှရောက်လာပါက ဥပဒေနှင့်မညီကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုတင်ပြသည့် နည်းဥပဒေ ၅၁ (ဃ) အရဆိုလျှင် အချိန်မီရောက်ရှိနေသည့် မဲများသည်ပင်လျှင် ဥပဒေနှင့် ညီ မညီ စိစစ်နိုင်ခွင့်ရှိကြောင်း၊ အကယ်၍ ကြိုတင်မဲပေးသူများ အမည်စာရင်းတွင် 'ကြိုတင်မဲ' ပေးခွင့်မရှိဘဲ ပေးထားသူများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါက ကန့်ကွက်ပိုင်ခွင့်ရှိကြောင်း တွေ့နိုင်ပါသည်။

http://mmteashop.com


## မဲဆန္ဒနယ် ပြင်ပရောက်ရှိနေသူများ

နည်းဥပဒေ ပုဒ်မ ၅၄ တွင် မဲဆန္ဒနယ် ပြင်ပရောက်ရှိနေသော (က) တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊ (ခ) မဲဆန္ဒနယ် ပြင်ပရောက် ကျောင်းသားများ၊ (ဂ) မဲဆန္ဒနယ် ပြင်ပရောက် သင်တန်းသားများ၊ (ဃ) မဲဆန္ဒနယ် ပြင်ပရောက် အခြားမဲဆန္ဒရှင်များ၊ (င) အချုပ်ခံ နေရသူများ၊ (စ) ဆေးရုံရှိ အတွင်းလူနာများ၊ (ဆ) အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံခြားရောက်နေသူများ စသည့် ပုဂ္ဂိုလ် ၇ မျိုး ကြိုတင်မဲပေးခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

အထက်ဖော်ပြပါ ပုဂ္ဂိုလ် ၇ မျိုး အနက် တပ်မတော်သားများနှင့် အတူနေမိသားစုများမှလွဲ၍ ကျန် ၆ မျိုးထံ ကြိုတင် မဲပေးနိုင်ရန်အတွက် ပုံစံ ၁၅ ဖြင့် ဖြန့်ဖြူး အကြောင်းကြားရမည်ဖြစ်ကြောင်း နည်းဥပဒေပုဒ်မ ၅၆ မှ ၆၃ ထိ အသေးစိတ် ပြဋ္ဌာန်းပေးထားပါသည်။

သို့ဖြစ်ရာ ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးများအနေဖြင့် မဲဆန္ဒနယ် တစ်ခုအတွင်း အများအပြား မရှိနိုင်ပါ။ ရှိသလောက် အတိအကျအမည်နာမဖြင့် သိနိုင်သည်ဖြစ်၍ ထိုသူများ ကြိုတင်မဲ ပေးထားခြင်း ရှိ မရှိ မေးမြန်းသိရှိနိုင်ပါသည်။

## ကြိုတင်မဲအကြောင်း အနှစ်ချုပ်

**၁။** မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် မဲဆန္ဒနယ် ပြင်ပရောက်နေသော တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံတက်နေရသူများ (ပေါင်း ၅ မျိုး) ကြိုတင်မဲပေးခွင့်ရှိသည်။ [ဥပဒေပုဒ်မ ၄၅ (က)] အခြား သူများ ပေးခွင့်မရှိပါ။

**၂။** ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲတွင် အနာကြီးရောဂါ စွဲကပ်နေသူ၊ ဝေဒနာ ပြင်းထန် စွာ ခံစားနေရသူ၊ အသက်ကြီးရင့်သူ၊ မီးဖွားနေသူ၊ အချုပ်ခံနေရသူ၊ ဆေးရုံတက်နေရသူနှင့် အခြားအရပ်တွင် ယာယီတာဝန်ထမ်းဆောင်ရန်ရှိသော နိုင်ငံ့ဝန်ထမ်း/တပ်မတော်သား/ရဲတပ်ဖွဲ့ (ပေါင်း ၇ မျိုး) တို့သာ ကြိုတင်မဲ ပေးခွင့်ရှိသည်။ [ဥပဒေပုဒ်မ ၄၅ (ဂ)] အခြားသူများ ပေးခွင့်မရှိပါ။

**၃။** ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲသို့ ပေးထားသော ကြိုတင်မဲများကို ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မဲရုံ မဖွင့်မီ ဆိုင်ရာမဲရုံမှူးလက်ဝယ်သို့ ပေးအပ်ရမည်။ [ဥပဒေပုဒ်မ ၄၈ (က)] အချိန်လွန်ပြီးမှ ပေးပို့လာပါက တရားမဝင်ပါ။

**၄။** မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးထားသော ကြိုတင်မဲများကို ရွေးကောက်ပွဲ ကျင်းပသည့်နေ့ ညနေ ၄ နာရီမတိုင်မီ အထိ ရောက်လာသော မဲများကိုသာ ရေတွက်ရမည်။ [ဥပဒေပုဒ်မ ၄၅ (ဃ)] ညနေ ၄ နာရီ နောက်ပိုင်းမှ ရောက်ရှိလာသော ကြိုတင်မဲများ လုံးဝ ရေတွက်ခွင့် မရှိပါ။ [နည်းဥပဒေပုဒ်မ ၇၁]

**၅။** 'ကြိုတင်မဲ' ကို ပေးလိုမှ ပေးရန်ဖြစ်သည်။ မပေးဘဲ နေနိုင်သည်။ [နည်းဥပဒေပုဒ်မ ၅၁ (ခ) (၁)]

**၆။** ကြိုတင်မဲ ပေးထားသူများ စာရင်းအတိအကျရှိရမည်။ [နည်းဥပဒေ ၅၁ (ဃ) နှင့် ၅၆ ] စာရင်းကို စစ်ဆေးခြင်းဖြင့် တရားဝင်ကြိုတင်မဲ ဟုတ်/မဟုတ် သိနိုင်သည်။

အထက်ပါ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသဘောတရားများ ကို အတော်အတန် နားလည် ထားပါက 'ကြိုတင်မဲ' ဖြင့် မဲ မသမာမှု မပြုနိုင်ကြောင်း မဲ မသမာမှုပြုခဲ့ပါက အပြစ်ကျူးလွန်သူကို ဥပဒေအရ အရေးယူအပြစ်ပေးနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

***(ပြစ်မှုများနှင့် ပြစ်ဒဏ်များအကြောင်း သီးခြားရေးသား ဖော်ပြပါမည်)***

**မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)**

■

http://mmteashop.com

# ရွေးကောက်ပွဲများနှင့် မဲ မသမာမှု –၃
# မဲပြားများ ဖြန့်ဝေစီးဆင်းပုံ



http://mmteashop.com

## မဲပြားများ သို့မဟုတ် ဆန္ဒမဲ လက်မှတ်များအကြောင်း

ဒီမိုကရေစီ ရွေးကောက်ပွဲများနှင့် ကင်းကွာနေသော ကျွန်တော်တို့နိုင်ငံတွင် ဒုတိယအကြိမ် ဒီမိုကရေစီရွေးကောက်ပွဲ ( ကြားဖြတ် ရွေးကောက်ပွဲ) များ မကြာမီ ကျင်းပရန်ရှိနေပါသည်။ ထို့ကြောင့် ဆန္ဒမဲပေးကြမည့် နိုင်ငံသားများ အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ အနက်မှ သိသင့်သိထိုက်သော အကြောင်းအရာများကို ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲ ဥပဒေ အခန်း ၃ တွင် ‘မဲဆန္ဒနယ်များ သတ်မှတ်ခြင်း’ ဟု လည်းကောင်း၊ အခန်း ၄ တွင် ‘ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ’ ဟု လည်းကောင်း၊ အခန်း ၆ တွင် ‘မဲစာရင်းပြုစုခြင်း’ ဟု လည်းကောင်း၊ အခန်း ၁၀ တွင် ‘ဆန္ဒမဲ ရေတွက်ခြင်းနှင့် အတည်ပြုကြေညာခြင်း’ ဟု လည်းကောင်း ရေးသားဖော်ပြထားသည်ကို တွေ့ရပါသည်။

ရွေးကောက်ပွဲဥပဒေ အခန်း ၁ တွင် စကားရပ်များ၏ အနက်အဓိပ္ပာယ် ဖော်ပြချက်များကို ပြဋ္ဌာန်းထားရာ ပုဒ်မ-၂ (က) မှ (တ) ထိ စကားရပ် ၁၆ ခုအတွက် အဓိပ္ပာယ် ဖွင့်ဆိုပေးထား သည်ကို တွေ့ရပါသည်။

သို့သော်လည်း အဆိုပါ စကားရပ်များတွင် 'မဲပြား' သို့မဟုတ် 'ဆန္ဒမဲ လက်မှတ်' ဆိုသည့် စကားရပ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မပါရှိပါ။ ဥပဒေ စာကိုယ် အတွင်း၌မူ 'ဆန္ဒမဲ လက်မှတ်' ဆိုသည့် စကားရပ်များ အကြိမ်ကြိမ် ပါရှိနေသည်ကို တွေ့ရပါသည်။

## ရှင်းလင်း တိကျစွာ ပြဋ္ဌာန်းသင့်

နိုင်ငံတော်အဆင့်ဆိုင်ရာ ရွေးကောက်ပွဲကြီးတစ်ခုတွင် ဆန္ဒမဲ လက်မှတ်များအပေါ် အခြေခံ၍ အနိုင်အရှုံး ဆုံးဖြတ်ပေးရသည်ဖြစ်ရာ အလွန်အရေးပါလှသော 'မဲပြားများ' ၊ သို့မဟုတ် 'ဆန္ဒမဲလက်မှတ်' များကို မည်သည့်အာဏာပိုင်အဖွဲ့ အစည်းက မည်သည့်ပုံစံ၊ မည်သည့်အမှတ်အသား (မြင်သာသော အမှတ်အသားနှင့် လျှို့ဝှက်ထားသော အမှတ်အသား) များ ရိုက်နှိပ်ထားသော မဲပြားများဖြစ်ကြောင်း ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းထားသင့်သည်ဟု ထင်မြင်ယူဆပါသည်။

သို့မဟုတ်ပါက 'မဲပြား' များကို တရားမဝင် ပွားများအောင်ပြုလုပ်၍ မဲ မသမာမှုများ ကျူးလွန်နိုင်ဖွယ်ရှိပါသည်။

## မှတ်ယူနိုင်ခြင်း

'မဲပြား' သို့မဟုတ် 'ဆန္ဒမဲ လက်မှတ်' များနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက် ပေးထားခြင်း မရှိသော်လည်း 'ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ' ပုဒ်မ (၈) ပါ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ပေးရန် တာဝန်ယူထားသည်ဖြစ်ရာ 'မဲပြား' သို့မဟုတ် 'ဆန္ဒမဲ လက်မှတ်' များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တရားမျှတအောင် ဆောင် ရွက်သွားမည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

ဒီမိုကရေစီ နိုင်ငံရေးစနစ်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ရယူလို၍ ဆိုင်ပြိုင်ကြသော နိုင်ငံရေးပါတီများအနက် မည်သည့်ပါတီက အနိုင်ရပြီး

နိုင်ငံတော်အာဏာကို ရထိုက်ခွင့် ရှိသည်ကို 'ဆန္ဒမဲလက်မှတ်' များအပေါ် အခြေခံ၍ ဆုံးဖြတ်ပေးရသည်ဖြစ်ရာ 'ဆန္ဒမဲ လက်မှတ်' ၏ အခန်းကဏ္ဍသည် အရေးပါလှပါသည်။

## 'ဆန္ဒမဲ လက်မှတ်' များ ပုံနှိပ်ခြင်း

ဆန္ဒမဲ လက်မှတ်များကို မည်သူက မည်သည့် အရေအတွက်အထိ ပုံနှိပ်မည်နည်း။ မေးစရာ မေးခွန်း ဖြစ်ပါသည်။ ဥပမာ နိုင်ငံတစ်နိုင်ငံတွင် ဆန္ဒမဲ ပေးခွင့်ရှိသူ သန်း ၂၀ ရှိသည်ဆိုပါက ပျက်စီးသွားသောမဲများ၊ အစားထိုးပေးရမည့် မဲများ အတွက်ပါ ပိုပိုမိုမို ရိုက်နှိပ်ပါက ၂၁ သန်း ရိုက်နှိပ်ရပါမည်။ သို့သော်လည်း ဒီမိုကရေစီ ရွေးကောက်ပွဲဖြစ်၍ မဲဆန္ဒနယ်တစ်ခုအတွက် ပြိုင်ဆိုင်မည့်သူ အများအပြား ရှိနိုင်သည်ဖြစ်ရာ တစ်နိုင်ငံလုံးအတွက် အဆင်ပြေမည့် မဲပြား များကို တစ်နေရာ၊ တစ်ဌာနတည်းမှ ရိုက်နှိပ်ပေးရန် မလွယ်ကူပါ။

ထို့ကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ပြဋ္ဌာန်း ပေးသည့်အတိုင်း ပြည်နယ်၊ တိုင်းအလိုက်ဖြစ်စေ၊ အခြား သင့်လျော်မည့်ပုံစံဖြင့် ဖြစ်စေ ရွေးကောက်ပွဲအတွက် မဲပြားများကို ရိုက်နှိပ်ပေးရမည်ဖြစ်ပါသည်။

## မဲပြားများ ဖြန့်ဝေစီးဆင်းပုံ

တည်ဆဲဥပဒေများအရ 'ကော်မရှင်' ၏ အောက်တွင် ကော်မရှင် အဖွဲ့ခွဲ ၆ ခု ရှိပါသည်။

၎င်းတို့မှာ-

၁။ နေပြည်တော် ကော်မရှင်အဖွဲ့ခွဲ

၂။ တိုင်းဒေသကြီး (သို့) ပြည်နယ် ကော်မရှင် အဖွဲ့ခွဲ

၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့) ဒေသ ကော်မရှင် အဖွဲ့ခွဲ

၄။ ခရိုင်ကော်မရှင် အဖွဲ့ခွဲ

၅။ မြို့နယ် ကော်မရှင် အဖွဲ့ခွဲ

၆။ ရပ်ကွက်/ ကျေးရွာ ကော်မရှင် အဖွဲ့ခွဲတို့ ဖြစ်ပါသည်။

http://mmteashop.com


## အဓိက အကျဆုံး ၂ ခု

ကော်မရှင် အဖွဲ့ခွဲ ၆ ခု ရှိသော်လည်း အဓိက အကျဆုံးနှင့် အရေးပါဆုံး ကော်မရှင် အဖွဲ့ခွဲမှာ ၂ ခု ဖြစ်ပါသည်။ ၎င်းတို့မှာ 'မြို့နယ် ကော်မရှင်အဖွဲ့ခွဲ'နှင့် 'ရပ်ကွက်/ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ'တို့ ဖြစ်ပါသည်။ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၃ တွင် မဲဆန္ဒနယ် အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ၏ မဲစာရင်းကို အထက်တွင်ဖော်ပြခဲ့သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်/ ကျေးရွာ ကော်မရှင် အဖွဲ့ခွဲတို့က ပြုစုရမည် - ဟု ပြဋ္ဌာန်းထားသဖြင့် မြို့နယ်နှင့် ရပ်ကွက်/ ကျေးရွာ အဖွဲ့ခွဲများကို အရေးပါသည်ဟု ပြောရခြင်းဖြစ်ပါသည်။

သို့ဖြစ်ရာ မဲပြားများကို မည်သည့်အဆင့်ရှိ အဖွဲ့က ရိုက်နှိပ်သည်ဖြစ်စေ၊ ဖြန့်ဝေသည်ဖြစ်စေ နောက်ဆုံးတွင် အဆိုပါ မဲပြားများသည် မြို့နယ်ကော်မရှင် အဖွဲ့ခွဲနှင့် ရပ်ကွက်/ ကျေးရွာ ကော်မရှင် အဖွဲ့ခွဲများ လက်ဝယ်သို့ ရွေးကောက်ပွဲ မကျင်းပမီ ကြိုတင်ရောက်ရှိလာရမည် ဖြစ်ပါသည်။

## မဲရုံမှူးက မှတ်တမ်းတင်

အချုပ်အားဖြင့် ဆိုရပါမူ မဲပြားများသည် မည်သည့်ပုံစံ စီးဆင်းလာသည်ဖြစ်စေ ရွေးကောက်ပွဲ မကျင်းပမီ နေ့တစ်နေ့တွင် မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ ရောက်ရှိလာရမည်ဖြစ်ပြီး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် ရပ်ကွက်/ကျေးရွာ ကော်မရှင် အဖွဲ့ခွဲများသို့ ရောက်ရှိလာရမည် ဖြစ်ပါသည်။ နောက်ဆုံးတွင် 'ဆန္ဒမဲ လက်မှတ်' များသည် ရွေးကောက်ပွဲ မကျင်းပမီ မဲရုံမှူးများ လက်ဝယ်သို့ ရောက်ရှိသွားရမည် ဖြစ်ပါသည်။

နည်းဥပဒေ ပုဒ်မ - ၄၀ တွင် **'ဆန္ဒမဲ ပေးခြင်း မစတင်မီ မဲရုံမှူးသည် မိမိ ယူလာသော ဆန္ဒမဲ လက်မှတ်များကို မဲရုံအဖွဲ့ဝင်များ ရှေ့မှောက်၌ ရေတွက်၍ ပုံစံ ၁၁ ဖြင့် မှတ်တမ်းတင်ထားရမည်'** ဟု ပြဋ္ဌာန်းထားရာ အဆိုပါ ပြဋ္ဌာန်းချက်သည် အလွန်အရေးကြီးလှပါသည်။

'ဆန္ဒမဲလက်မှတ်'များ အရေအတွက်ကို မှတ်တမ်းတင်ထားရမည် ဆိုသည့် အချက်သည် မဲပြားများ မဖောင်းပွစေရန်၊ မိတ္တူမပွားနိုင်စေရန် ကာကွယ်ထားသည့် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း တွေ့ရပါသည်။

## မဲပြားများ ဖောင်းပွမှုနှင့် မဲမသမာမှု

မဲပြားများကို ဖြန့်ဝေရာတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲ ပေးခွင့်ရှိသူ အရေ အတွက်နှင့် အညီ ဖြန့်ဝေပေးရပါမည်။ ဥပမာ ဆန္ဒမဲပေးခွင့်ရှိသူ ၁၀,၀၀၀ ဖြစ်ပါက အမှားအယွင်း အပျက်အစီးအတွက် အပါအဝင် ၁၀,၅၀၀ ခန့်သာ ထုတ်ဝေပေးသင့်ပါသည်။ မဲရုံတစ်ရုံတွင် မဲပေးခွင့်ရှိသူ ၁၀၀၀ ရှိပါက မဲပြား ၁၀၅၀ ခန့်သာ ထုတ်ပေးသင့်ပါသည်။ ရွေးကောက်ပွဲ ကျင်းပပြီးနောက် ကျန်ရှိသည့် မဲပြားများကို စာရင်းနှင့်တကွ ပြန်အပ်ရမည် ဖြစ်ပါသည်။

## ဂုဏ်သိက္ခာ ထိခိုက်နိုင်

အရေးအကြီးဆုံး အချက်မှာ မဲပြားများသည် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ ခွဲများနှင့် မဲရုံမှူးများမှ လွဲ၍ အခြားသူများ လက်ဝယ်သို့ မည်သည့်နည်းနှင့်မျှ မရောက်ရှိရေးဖြစ်ပါသည်။ 'ကြိုတင်မဲ' အတွက် ဌာနဆိုင်ရာ ဝန်ထမ်းအကြီးအကဲ များသို့ နည်းလမ်းတကျ ထုတ်ပေးသည့် မဲပြားများမှလွဲ၍ အခြားမည်သည့် ပြည်သူ့ဝန်ထမ်းများ၊ အဖွဲ့အစည်းများကိုမျှ ဆန္ဒမဲလက်မှတ် အလွတ်များ ထုတ်ပေးခွင့် မရှိပါ။ မဲပြားများကို အရေအတွက် စနစ်တကျ ကန့်သတ်မထားဘဲ ထုတ်ပေးပါက မဲဖောင်းပွမှုများနှင့် တရားမဝင်သော ကြိုတင်မဲများ ဖြစ်ပေါ်လာ နိုင်ပြီး၊ ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့် 'မဲပြား' သို့မဟုတ် 'ဆန္ဒမဲ လက်မှတ်' များကို ဆိုင်ရာအထက် ကော်မရှင် အဖွဲ့အစည်းများမှ အောက်ကော်မရှင် အဖွဲ့အစည်းများသို့ စနစ်တကျ အရေအတွက် အတိအကျဖြင့် ထုတ်ပေးခြင်း၊ ရွေးကောက်ပွဲ ကျင်းပပြီးနောက် မဲပေးသည့် မဲပြားနှင့် မဲမပေးဘဲ ကျန်ရှိနေသော မဲပြားများကို အတိအကျ

http://mmteashop.com


စနစ်တကျပြုလုပ်မည်ဆိုပါက မဲ မသမာမှုများ လျော့နည်းသွားကာ ရွေးကောက်ပွဲများ၏ ဂုဏ်သိက္ခာတက်လာဖွယ် အကြောင်းများရှိပါကြောင်း တင်ပြအပ်ပါသည်။

*(ဆန္ဒမဲလက်မှတ်များကို မသမာသောနည်းဖြင့် အခြားသူများအား ထုတ်ပေးပါက ထောင်ဒဏ် ၁ နှစ်ထိနှင့် ဒဏ်ငွေ ကျပ် ၁ သိန်းထိ ချမှတ်နိုင်ကြောင်း ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း သီးသန့် ရေးသားတင်ပြပါမည်)*

မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)

■

http://mmteashop.com

# ရွေးကောက်ပွဲများနှင့် မဲ မသမာမှု – ၄
# မဲရေတွက်ခြင်း



http://mmteashop.com

## မဲရေတွက်ခြင်း

ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌကြီး ဦးတင်အေး က ရွေးကောက်ပွဲတွင် မဲ မသမာမှု ဖြစ်ရခြင်းမှာ လူတို့၏အမှားကြောင့်ဖြစ်ရကြောင်း မှတ်ချက်ပေး ပြောကြားခဲ့သည့် စကားရပ်၏ လေးနက်မှု၊ မှန်ကန်မှုတို့ကို ဆင်ခြင်မိပါသဖြင့် ရွေးကောက်ပွဲများနှင့် မဲ မသမာမှုများအကြောင်း ဆောင်းပါးကို စတင်ရေးသားခဲ့ပြီး၊ နောက်ပိုင်းတွင် မိတ်ဆွေများ၏ တိုက်တွန်းမှုကြောင့် တစ်ကြောင်း၊ ကြားဖြတ် ရွေးကောက်ပွဲများ ကျင်းပရန် အချိန်နှင့်လည်း တိုက်ဆိုင်နေသဖြင့် တစ်ကြောင်း ဆက်လက်ရေးသားဖြစ်ခဲ့ပါသည်။ ယခုဆောင်းပါးတွင် 'မဲ ရေတွက်ခြင်း' အကြောင်း ရေးသားတင်ပြလိုပါ သည်။

## ဆန္ဒမဲလက်မှတ်များကို ရေတွက်ခြင်း

ဆန္ဒမဲလက်မှတ်များ ရေတွက်ရာတွင် မသမာမှု အများဆုံးဖြစ်နိုင်သဖြင့် 'ဆန္ဒမဲများ ရေတွက် ခြင်း' နှင့်ဆိုင်သည့် ဥပဒေသဘောကရားများကို ရွေးကောက်ပွဲဝင်မည့် ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များ၊ မဲရုံမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံး

http://mmteashop.com


ကောင်းစွာသိရှိထားသင့်သည်ဟု ယူဆပါသည်။ ထိုကဲ့သို့ မိမိတို့နှင့် တိုက်ရိုက်သက်ဆိုင်သည့် ဥပဒေများကို ကောင်းစွာသိရှိထားပါက မဲ မသမာမှုများကို ထိထိရောက်ရောက် ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ဆန္ဒမဲများ ရေတွက်ရာတွင် 'မဲရုံ' များ၌ ရေတွက်ရသည့်အပိုင်းနှင့် 'မြို့နယ်အဖွဲ့ခွဲ' တွင် ရေတွက်ရသည့်အပိုင်းဟူ၍ အရေးပါသော အပိုင်း ၂ ပိုင်း ရှိပါသည်။

## မဲရုံများ၌ ပေးသော မဲများကို ရေတွက်ခြင်း

'ဆန္ဒမဲပေးခြင်း' ကိစ္စ ပြီးပြတ်သည်နှင့် မဲရေတွက်သည့်ကိစ္စ စတင်ပါသည်။ သာမန်အားဖြင့် ရွေးကောက်ပွဲ ကျင်းပသည့်နေ့ ညနေ ၄ နာရီတွင် ဆန္ဒမဲပေးသည့်ကိစ္စ ပြီးပြတ်ပါသည်။

မဲများကို ရေတွက်ရာတွင် မဲရုံမှူး (သို့) တာဝန်ရှိ မဲရုံအဖွဲ့ဝင်က ကျန်မဲရုံအဖွဲ့ဝင်များ၊ မဲရုံ ကိုယ်စားလှယ်များနှင့် အများပြည်သူတို့ ရှေ့မှောက်တွင် ရေတွက်ရပါမည်။

ဆန္ဒမဲပေးသည့် မဲရုံတွင်ပင် ရေတွက်ရပါမည်။

မဲရုံသို့လာရောက်၍ပေးသော မဲများအနက် မည်သည့် အမတ်လောင်းက မဲမည်မျှရသည်ကို ရေတွက်ပြီး နောက်မှ တွက်ချက်ရန်ဖြစ်ပါသည်။

ပထမဦးစွာ စစ်ဆေးရမည့်ကိစ္စမှာ မဲရုံမှူးက ထုတ်ပေးထားသည့် မဲလက်မှတ်အရေအတွက်နှင့် မဲပုံးထဲမှ ထုတ်ယူရရှိသည့် မဲလက်မှတ်များ အရေအတွက် တူညီခြင်း ရှိ မရှိ စိစစ်ရန်လိုအပ်ပါသည်။ အကယ်၍ မဲပုံးထဲမှ ထုတ်ယူရရှိသည့် မဲများကများနေလျှင် မဲမသမာမှုရှိနေပြီဖြစ်ကြောင်း ထင်ရှားနေမည်ဖြစ်ပါသည်။

အလားတူ ကြိုတင်မဲများကိုလည်း မရေတွက်မီ ဦးစွာစစ်ဆေးရန် လိုပါသည်၊ ကြိုတင်မဲ ပေးသူ အရေအတွက် မည်မျှရှိကြောင်း၊ ကြိုတင်မဲပေးသူများစာရင်းကို ကြည့်၍စစ်ဆေးနိုင်ပါသည်။ အရေအတွက် ကိုက်လျှင်ပင် ကြိုတင်မဲ ပေးထားသူများသည် ဥပဒေအရ ကြိုတင်မဲပေးခွင့်ရှိသူများ ဟုတ်မဟုတ် ဆက်လက် စစ်ဆေးရပါမည်။ ကြိုတင်မဲပေးခွင့် မရှိဘဲ ကြိုတင်မဲများ ပေးထားကြောင်းတွေ့ရပါက မဲမသမာမှုရှိကြောင်း သိနိုင်ပါသည်။

မဲများကို ရေတွက်ရာတွင် ခိုင်လုံသော မဲများနှင့် မခိုင်လုံသော မဲများကို ခွဲခြားရေတွက် ရပါမည်။

မဲများကို ရေတွက်ပြီးနောက် မည်သူက မည်မျှရရှိကြောင်း စာရင်းရေးသွင်း၍ ရပ်ကွက်/ကျေးရွာ ကော်မရှင် အဖွဲ့ခွဲ၊ ထိုမှတစ်ဆင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရ ပါမည်။

## ရွေးကောက်ပွဲ နည်းဥပဒေ

အထက်ဖော်ပြပါ အချက်များသည် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၈ ပါ ပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ တင်ပြထားခြင်းဖြစ်ပါသည်။ ဆက်လက်၍ ရွေးကောက်ပွဲ နည်းဥပဒေများပါ အချက်များကို ကိုးကား၍ တင်ပြပါမည်။

ရွေးကောက်ပွဲ ကျင်းပသည့်နေ့ ဆန္ဒမဲပေးခြင်း ပြီးဆုံးသည်နှင့် မဲရုံသို့ လာရောက်၍ပေးသော မဲများနှင့် ကြိုတင်ပေးထားသော မဲများကို ရေတွက်ရပါမည်။ (နည်းဥပဒေ - ၆၅)

မဲရေတွက်ရာတွင် အရပ်သားသက်သေ အနည်းဆုံး ၁၀ ဦး ရှိရပါမည်။ (နည်းဥပဒေ -၆၆-က)

မဲရုံမှူးက ထုတ်ပေးထားသည့် မဲလက်မှတ်နှင့် မဲပုံးထဲမှရရှိသော မဲလက်မှတ် အရေအတွက် မတူညီပါက အသေအချာ မှတ်တမ်းတင်ရမည်ဖြစ်ပြီး၊ မြို့နယ် ကော်မရှင်ထံ တင်ပြရပါမည်။ (နည်းဥပဒေ -၆၆-ခ)

မဲရုံတွင်ပေးသည့် မဲများမှ ပယ်ခွင့်ရှိသည့် မဲ ၈ မျိုး ရှိပါသည်။ (ဥပမာ- ကော်မရှင်က အတည်ပြုထားသည့် အမှတ်အသားနှင့် မဲရုံမှူးလက်မှတ် မပါသောမဲများ ပယ်ရမည်ကို သိထားသင့်ပါသည်) (နည်းဥပဒေ-၆၆-ဂ)

ကြိုတင်မဲများအနက်မှ ပယ်ခွင့်ရှိသည့် မဲ ၉ မျိုး ရှိပါသည်။ (ဥပမာ- ကော်မရှင်၏ အတည်ပြု အမှတ်သား၊ ကော်မရှင်အဖွဲ့ခွဲတံဆိပ်၊ တာဝန်ခံထုတ်ပေးသူ လက်မှတ် မပါသော မဲများကို ပယ်ရမည် ဖြစ်ကြောင်း သိထားရပါမည်။ (နည်းဥပဒေ -၆၆-ဃ)

http://mmteashop.com

မဲရုံသို့လာရောက်၍ပေးသော မဲများနှင့် ကြိုတင်မဲများရေတွက်ပြီး အမတ်လောင်း တစ်ဦးစီ ရရှိသည့် မဲစာရင်းကို ပုံစံ ၁၆ တွင် ၃ စုံ ရေးသွင်းပြီး မြို့နယ်ကော်မရှင်သို့ တစ်စောင်၊ ရပ်ကွက် ကျေးရွာကော်မရှင်အဖွဲ့ခွဲသို့တစ်စောင် ပေးပို့၍ မဲရုံမှူးက တစ်စောင်ရယူထားရပါမည်။

(ထိုမဲစာရင်းသည် အခြေခံအကျဆုံး မဲစာရင်းဖြစ်ပြီး ပြဿနာပေါ်လာပါက သက်သေခံ အထောက်အထားအဖြစ် သုံးရမည်ဖြစ်၍ အသေအချာ မှတ်သား ထားရန် လိုအပ်ပါသည်) (နည်းဥပဒေ - ၆၆-င)

မဲများ ရေတွက်ပြီးလျှင် အမတ်လောင်း တစ်ဦးချင်း ရရှိသည့်မဲများကို သီးခြား အိတ်များဖြင့် ထည့်၍ ချိတ်ပိတ်ရပါမည်။ (ပြဿနာပေါ်ပေါက်လာပါက ပြန်လည် စိစစ်နိုင်ရန်ဖြစ်၍ အရေးကြီး ပါသည်) (နည်းဥပဒေ -၆၆-ဆ)

ထို့နောက် ထိုမဲလက်မှတ်အိတ်များကို အမတ်လောင်းများ မဲရရှိသည့် စာရင်း (ပုံစံ-၁၆)နှင့် အတူ မြို့နယ်ကော်မရှင်သို့ ပေးပို့ရပါမည်။ (နည်းဥပဒေ - ၆၆-ဈ)

အထက်တွင်တင်ပြခဲ့သော အချက်များသည် မဲရုံများသို့ကိုယ်တိုင် လာရောက်၍ ပေးသော မဲများနှင့် ရပ်ကွက်/ ကျေးရွာအဖွဲ့ခွဲထံ ကြိုတင်ပေးထားသည့်မဲများ ရေတွက်ခြင်းနှင့် သက်ဆိုင်သည့် ဥပဒေသဘောတရားများဖြစ်ပါသည်။

## မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးထားသော ကြိုတင်မဲများကို ရေတွက်ခြင်း

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်၍ပေးနိုင်သောမဲများအကြောင်းနှင့် မဲပေးခွင့် ရှိသူများအကြောင်းဆောင်းပါးအမှတ် ၁ နှင့် ၂ တို့တွင် တင်ပြထားပြီး ဖြစ်ပါသည်။ ယခု ဤဆောင်းပါးတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ကြိုတင်ပေးထားသော မဲများကို ရေတွက်ပုံနှင့်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများကို တင်ပြသွားပါမည်။

မြို့နယ်ကော်မရှင်သည် ညနေ ၄ နာရီ မတိုင်မီ မိမိ လက်ဝယ်ရောက်ရှိနေသော ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပ ရောက်ရှိနေသည့် (၁) တပ်မတော်သားများ၊ (၂) ကျောင်းသားများ၊ (၃) သင်တန်းသားများ၊ (၄) အချုပ်ကျနေသူများ၊ (၅)

ဆေးရုံတက်နေရသူများ၊ (၆) နိုင်ငံပြင်ပ ရောက်နေသော သံဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင်များ၊ အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံခြားရောက်နေ သူများ၏ မဲလက်မှတ်များကို အမတ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် အများပြည်သူတို့ ရှေ့တွင် ရေတွက်ရပါမည်။ (ဥပဒေပုဒ်မ - ၄၈-ဃ)

အထက်ပါ ပြဋ္ဌာန်းချက်အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်မဲပေးခွင့်ရှိသူများသာ မဲပေးနိုင်ပြီး ရွေးကောက်ပွဲ ကျင်းပသည့်နေ့ ညနေ ၄ နာရီ မတိုင်မီ ရောက်ရှိပြီးဖြစ်သည့် မဲများကိုသာ ရေတွက်ရန်ဖြစ်ကြောင်း သိရှိထားရန် လိုအပ်ပါသည်။ ညနေ ၄ နာရီနောက်ပိုင်းမှ အကြောင်း ပြချက်အမျိုးမျိုးဖြင့် ရောက်လာသောမဲများကို လုံးဝရေတွက်၍ မရတော့ပါကြောင်း၊ တရားမဝင်ကြောင်း သတိပြုရန်ဖြစ်ပါသည်။

မြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် မိမိ လက်ဝယ်သို့ (ညနေ ၄ နာရီ မတိုင်မီ) ရောက်ရှိနေသော ကြိုတင်မဲများကို ရေတွက်ပြီးနောက် အမတ်လောင်း အသီးသီး ရရှိသည့် မဲစာရင်းကို ပုံစံ ၁၈ စာရွက်တွင် ရေးဖြည့်ရပါမည်။ (နည်း ဥပဒေ -၆၇-က)

(အထက်ပါ ပြဋ္ဌာန်းချက်အရ မြို့နယ်ကော်မရှင်အဖွဲ့တွင် ကြိုတင်မဲ အနည်းငယ်သာ ရရှိနိုင်မည်ဖြစ်ရာ အချိန်အနည်းငယ်အတွင်း ရေတွက်ပြီးစီးနိုင်ကြောင်းနှင့် နောက်ထပ်ကြိုတင်မဲ မရှိနိုင်ကြောင်း သိရှိနိုင်ပါသည်)

မြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် ရပ်ကွက်/ကျေးရွာများရှိ မဲရုံများမှ (ပုံစံ-၁၆ ဖြင့်) ရောက်ရှိလာသော မဲများနှင့် မိမိ ( မြို့နယ်ကော်မရှင်အဖွဲ့ ) ထံသို့ ကြိုတင်ပေးထားသော ပုံစံ ၁၈ ဖြင့် မှတ်တမ်းတင်ထားသော မဲများကို ပေါင်း၍ အမတ်လောင်းတစ်ဦးချင်း ရရှိသည့် မဲများကို ပုံစံ ၁၉ စာရွက်တွင် အများပြည်သူ ရှေ့မှောက်၌ ရေးသွင်းပြုစု၍ အထက်ကော်မရှင် အဖွဲ့များသို့ ပေးပို့ရပါမည်။ (နည်းဥပဒေ -၆၇-ခ)

မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲ ကျင်းပသည့်နေ့ ညနေ ၄ နာရီ နောက်ပိုင်းမှရောက်လာသော ကြိုတင်မဲများကို လုံးဝရေတွက်ခွင့် မရှိပါ။ (နည်းဥပဒေ-၇၁)

http://mmteashop.com


# မဲရေတွက်ခြင်း အကြောင်း အနှစ်ချုပ်

၁။ ညနေ ၄ နာရီ မဲရုံပိတ်ပြီးနောက် မဲများကို မဲရုံ၌ပင် အများပြည်သူရှေ့တွင် ရေတွက်ရပါမည်။ အနည်းဆုံး သက်သေ ၁၀ ဦး ရှိရပါမည်။

၂။ မဲရုံ၌ပေးသည့် မဲများနှင့် မဲရုံ မဖွင့်မီ ကြိုတင်ရောက်ရှိနေသော ကြိုတင်မဲများကို ခွဲခြား၍ ဦးစွာ အရေအတွက် မှန်ကန်မှု ရှိ မရှိ စစ်ဆေးရပါမည်။ အရေအတွက် ကွဲလွဲနေပါက မှတ်တမ်း တင်ထားရပါမည်။

၃။ ခိုင်လုံသော မဲများနှင့် မခိုင်လုံသော မဲများကို ဂရုတစိုက် စစ်ဆေးရန် လိုပါသည်။

၄။ အမတ်လောင်း တစ်ဦးစီရရှိသည့် မဲများကို ရေတွက်ပြီးနောက် ရရှိသည့်မဲစာရင်းကို ပုံစံ ၁၆ စာရွက်တွင် ရေးသွင်းရပါမည်။ (ပုံစံ-၁၆ သည် ငယ်စာရင်းဖြစ်၍ အရေးကြီးပါသည်)

၅။ မဲများ ရေတွက်ပြီးနောက် အမတ်လောင်း တစ်ဦးချင်းစီရရှိသည့် မဲလက်မှတ်များကို အိတ်များတွင်ထည့်၍ ချိတ်ပိတ်ရပါမည်။

၆။ မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးတွင် ရွေးကောက်ပွဲနေ့ ညနေ ၄ နာရီ မတိုင်မီ ရောက်ရှိလာသော ကြိုတင်မဲများကိုသာ ရေတွက်ရန်ရှိပါသည်။

၇။ မဲပေးသူ အရေအတွက်၊ မဲပြား အရေအတွက်၊ ကြိုတင် မဲပေးခွင့်ရှိသူများ ဟုတ်မဟုတ်၊ ထုတ်ပေးထားသည့် မဲနှင့်စာရင်းညီညွတ်ခြင်း ရှိ မရှိတို့ကို စစ်ဆေးရန်လိုပါသည်။

၈။ ခိုင်လုံသော မဲနှင့် မခိုင်လုံသော မဲများကို သေချာစွာ စိစစ်ရပါမည်။

၉။ မဲများ ရေတွက်ပြီးနောက် အမတ်လောင်းတစ်ဦးစီ ရသည့်မဲများကို ပုံစံ ၁၈ တွင် ရေးသွင်းရပါမည်။

၁၀။ ရပ်ကွက်/ကျေးရွာ မဲရုံများမှ ရောက်လာသော ပုံစံ ၁၆ ပါ မဲစာရင်းများနှင့် မြို့နယ် ကော်မရှင်တွင် ကြိုတင်ပေးထားသော ပုံစံ ၁၈ ပါ မဲစာရင်းများကို စုပေါင်း၍ အမတ်တစ်ဦးချင်း ရရှိသည့် စုစုပေါင်း မဲစာရင်းကို ပုံစံ ၁၉ တွင် ရေးသွင်းရပါမည်။

http://mmteashop.com



အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပုံစံ ၁၉ တွင် ပါရှိသည့် မဲစာရင်းများကို အခြေခံ၍ အနိုင်အရှုံးကို ကြေညာပေးမည်ဖြစ်ကြောင်းနှင့် အထက်ပါ ဥပဒေ စည်းမျဉ်းများအတိုင်း တိတိကျကျ ဆောင်ရွက်ပါက မဲ မသမာမှုများ မရှိနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

**မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)**

■

http://mmteashop.com

# ရွေးကောက်ပွဲများနှင့် မဲ မသမာမှု – ၅
# ဖြစ်မှုနှင့် ဖြစ်ဒဏ်များအကြောင်း



http://mmteashop.com

# ရွေးကောက်ပွဲများနှင့် မဲ မသမာမှု – ၅
# ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း



http://mmteashop.com

## ‘ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း’

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ခုဖြစ်ရန် ·သို့မဟုတ် ဘက်လိုက်မှုကင်းပြီး သမာသမတ်ကျသော ရွေးကောက်ပွဲတစ်ခုဖြစ်ရန်အတွက် (၁) အမတ်လောင်းများနှင့် ကိုယ်စားလှယ်များ၊ (၂) ဆန္ဒမဲပေးမည့် ပြည်သူများနှင့် (၃) ရွေးကောက်ပွဲ ကျင်းပပေးသည့် ကော်မရှင်များ၊ မဲရုံအဖွဲ့များ (ဒိုင်များ) ဟူသော အစိတ်အပိုင်း ၃ ခုလုံးတွင် တာဝန်အသီးသီး ရှိပါသည်။ ရှောင်ရမည့် အချက်များ တားမြစ်ချက်၊ ကန့်သတ်ချက်များကို ဥပဒေဖြင့် တိတိ ကျကျပြဋ္ဌာန်း သတ်မှတ်ပေးထားသည်ဖြစ်ရာ မလိုက်နာ ဖောက်ဖျက်ပါက မလိုက်နာသူများကို ထောင်ဒဏ် ငွေဒဏ်များ ချမှတ်အရေးယူနိုင်သည်ဖြစ်၍ အဆိုပါဥပဒေ သဘောတရားများကို အများသိရှိနိုင်ရန်အလို့ငှာ ရွေးကောက်ပွဲဥပဒေ **အခန်း** ၁၃ ပါ ပြစ်မှု ပြစ်ဒဏ်များအကြောင်း အကျဉ်းချုပ်၍ ရေးသားဖော်ပြအပ်ပါသည်။

-တစ်ဦးတစ်ယောက်၏ မဲပေးခွင့်၊ အရွေးခံခွင့်ကို မကျင့်သုံးစေရန် ခြိမ်းခြောက်ခြင်း၊ မလျော် ဩဇာသုံးခြင်း၊ လာဘ်ပေးခြင်း၊ လာဘ်ယူခြင်း မပြုလုပ်ရပါ။ ပြုလုပ်ပါက **ထောင်ဒဏ် ၁ နှစ်နှင့် ဒဏ်ငွေ တစ်သိန်းထိ ချမှတ်နိုင်ပါသည်။**
ပုဒ်မ-၅၇

http://mmteashop.com


တစ်ဦးတစ်ယောက်ကို မဲမပေးရန် (သို့) အရွေးမခံရန် ပြုလုပ်ခြင်းကို ဆိုလိုပါသည်။

-ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို လာဘ်ပေး၊ လာဘ်ယူနည်းဖြင့် ရယူခြင်းပြုလုပ်ပါက **ထောင်ဒဏ် ၁ နှစ်ထိ နှင့် ဒဏ်ငွေ တစ်သိန်းထိ ချမှတ်နိုင်ပါသည်။** ပုဒ်မ-၅၈-က

အရွေးခံခွင့်မရှိဘဲ အရွေးခံခွင့် ရရှိစေရန်၊ မဲပေးခွင့်မရှိဘဲ မဲပေးခွင့်ရရှိစေရန် ပြုလုပ်ခြင်းမျိုးများကို ဆိုလိုပါသည်။

-ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် ခြိမ်းခြောက်ပါက **ထောင်ဒဏ် ၁ နှစ်နှင့် ဒဏ်ငွေ တစ်သိန်းထိ ချမှတ်နိုင်ပါသည်။** ပုဒ်မ-၅၈-ခ

ရွေးကောက်ပွဲမဝင်ရန်၊ စည်းရုံးခြင်း မပြုနိုင်ရန် ပြုလုပ်ခြင်းမျိုး ဖြစ်ပါသည်။

-ဘာသာရေး အကြောင်းပြ၍ မဲပေးရန်/မပေးရန် ဟောပြောစည်းရုံးခြင်း ပြုပါက **ထောင်ဒဏ် ၁ နှစ်နှင့် ငွေဒဏ် တစ်သိန်းထိ ချမှတ်နိုင်ပါသည်။** ပုဒ်မ-၅၈-ဂ

ဘာသာရေး ရွေးကောက်ပွဲ မရောထွေးစေရန် ဖြစ်ပါသည်။

-ဆန္ဒမဲလက်မှတ် (သို့) ကြိုတင်မဲလက်မှတ်ကို မသမာသောနည်းဖြင့် အခြားသူအား ပေးပါက **ထောင်ဒဏ် ၁ နှစ်နှင့် ဒဏ်ငွေတစ်သိန်းထိ ချမှတ်နိုင်ပါသည်။** ပုဒ်မ-၅၉-က

အထက်ပါ ပြဋ္ဌာန်းချက်များသည် ကော်မရှင်အဖွဲ့ဝင်များနှင့် မဲရုံအဖွဲ့ဝင်များ မဲပြားများကို မဲပေးခွင့် ရှိသူများကိုသာ ထုတ်ပေးရမည်ဖြစ်ပြီး မသက်ဆိုင်သူများကို ထုတ်ပေးခွင့် မရှိကြောင်း ကန့်သတ်ထားခြင်းဖြစ်ပါသည်။

-သူတစ်ပါး အယောင်ဆောင်၍ မဲလက်မှတ် (သို့) ကြိုတင်မဲ လက်မှတ်ကို ထုတ်ယူခြင်း၊ မဲပေးခြင်းပြုလုပ်ပါက **ထောင်ဒဏ် ၁ နှစ်နှင့် ဒဏ်ငွေ တစ်သိန်း ချမှတ်နိုင်ပါသည်။** ပုဒ်မ-၅၉-ဇ

အထက်ပါ ပြဋ္ဌာန်းချက်အရ လူတစ်ယောက်သည် ကိုယ်ပိုင်မဲတစ်မဲသာ ပေးခွင့်ရှိပြီး၊ အခြားသူ အမည်ဖြင့် လုံးဝ မဲပေးခွင့်မရှိကြောင်း ကန့်သတ်ခြင်း

ဖြစ်ပါသည်။ ထိုကဲ့သို့ မဲမျိုး မဲပုံးထဲဝင် မလာအောင် မဲရုံမှူးများနှင့် တာဝန်ရှိသူများ သတိထားရန် လိုအပ်ပါသည်။

အထူးသဖြင့် ထိုကဲ့သို့မဲမျိုးကို မဲရုံသို့လာရောက်၍ပေးရန်မှာ အများရှေ့တွင်ဖြစ်၍ မလွယ်ကူသော်လည်း ကြိုတင်မဲများပေးရာတွင်မူ ဖြစ်နိုင်ခြေရှိနေပါသည်။ ထို့ကြောင့် ကြိုတင်မဲများပေးသူ အရေအတွက်နှင့် မဲပေးသူတို့၏ အမည်စာရင်းကို အမတ်လောင်းများနှင့် ကိုယ်စားလှယ်တို့က သေချာစွာစစ်ဆေးရန် အထူး လိုအပ်ပါသည်။ ယခုပြဋ္ဌာန်းချက် (ပုဒ်မ ၅၉-ဇ) နှင့် အထက်တွင်ဖော်ပြထားသည့် (ပုဒ်မ-၅၉-ဂ) ပြဋ္ဌာန်းချက်တို့ ဆက်စပ်မှုရှိနေသည်ကိုလည်း သိထားရန်လိုအပ် ပါသည်။

-ရွေးကောက်ပွဲနေ့တွင် မဲပေးခွင့် ရှိသူတစ်ဦးဦးအား မဲ မပေးနိုင်စေရန် နှောင့် ယှက်ခြင်းပြုပါက **ထောင်ဒဏ် ၁ နှစ်နှင့် ဒဏ်ငွေ တစ်သိန်းထိ ချမှတ်နိုင်ပါ သည်။** ပုဒ်မ-၆၀

ဤပုဒ်မ၏ရည်ရွယ်ချက်မှာ မိမိအား မဲပေးမည်မဟုတ်ဟု ယူဆရသူများကို မဲရုံသို့ မလာနိုင်အောင် နှောင့်ယှက်သူ အမတ် (သို့) ထိုအမတ်ကို လိုလားသူများ၏ ပြုလုပ်မှုကို ဟန့်တားရန်ဖြစ်ပါသည်။ အမတ်လောင်းများသည် မိမိကိုမဲပေးရန် မတရားသော နည်းလမ်းများ ဖြင့် စည်းရုံးမှုရှိနိုင်သကဲ့သို့ ဆန့်ကျင်ဘက်လူများကို မလာရောက်စေလိုသည့် သဘောဆန္ဒရှိ တတ်သည်ဖြစ်၍ ဤဥပဒေကို ပြဋ္ဌာန်း ထားခြင်းဖြစ်ပါသည်။

-ရွေးကောက်ပွဲနေ့တွင် မဲရုံအတွင်း (သို့) မဲရုံနှင့် ကိုက် ၅၀၀ အတွင်း မဲဆွယ်ခွင့် မရှိပါ။ အမတ် တစ်ဦးဦးကို မဲပေးရန် (သို့) မပေးရန်(သို့) မည်သူကို မဲမပေးရန် တိုက်တွန်းခြင်း၊ သွေးဆောင်ခြင်း မပြုရပါ။ **ပြုလုပ်ပါက ထောင်ဒဏ် ၁ နှစ်နှင့် ဒဏ်ငွေ တစ်သိန်းထိ ချမှတ်နိုင်ပါသည်။** ပုဒ်မ-၆၁

ဤပုဒ်မ၏ ရည်ရွယ်ချက်မှာ မဲရုံနှင့် ဝေးရာနေရာတွင် မဲဆွယ်သည့်သဘော ပြောဆိုမှုများကို ခွင့်ပြုသော်လည်း မဲရုံနှင့် နီးကပ်နေသည့် အခြေအနေထိ ပြောဆိုနေပါက ဖိအားပေးသည့်သဘောဖြစ်၍ ခွင့်မပြုခြင်းဖြစ်ပါသည်။ မဲရုံအနီးတွင်

http://mmteashop.com


ရွေးကောက်ပွဲဝင်သူ အမတ်လောင်းများ၊ ကိုယ်စား လှယ်များနှင့် မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေး တာဝန်ရှိသူများသာရှိနိုင်သည့် နေရာထိ မဲဆွယ်နေပါက တရားမျှတမှု ရှိနိုင်တော့မည်မဟုတ်၍ ဤကဲ့သို့ ကန့်သတ်ထားခြင်းဖြစ်ပါသည်။

-မဲရုံနှင့် ကိုက် ၅၀၀ အတွင်း အသံချဲ့စက်များ သုံးစွဲ၍ အနှောင့်အယှက်ပေးခြင်း၊ မဲရုံတွင် မဖွယ်မရာသော အမူကိုပြုခြင်း စသည်တို့ကို ပြုလုပ်ပါကလည်း **ထောင်ဒဏ် ၁ နှစ်နှင့် ဒဏ်ငွေ ကျပ် တစ်သိန်းထိ ချမှတ်နိုင်ပါသည်။** ပုဒ်မ-၆၂ နှင့်၆၃

ဤပြဋ္ဌာန်းချက်များသည် မဲမသမာမှုနှင့် မသက်ဆိုင်ဘဲ အနှောင့်အယှက် ပြုခြင်းမျိုးကို ကာကွယ်ရန်ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

-အထက်တွင် ဖော်ပြထားသော ရွေးကောက်ပွဲနှင့်ဆိုင်သည့် ပြစ်မှုများ အားလုံးသည် **ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ** ဖြစ်ပါသည်။ ပုဒ်မ- ၆၅ -က

ဆိုလိုသည်မှာ တိုင်ကြားသူအနေဖြင့် တရားရုံးသို့သွား၍ တရားစွဲဆိုရန် မလိုအပ်ဘဲ ရဲစခန်းတွင် တိုင်ကြားရုံဖြင့် ရဲစခန်းမှူးက တရားလိုပြုလုပ်၍ လိုအပ်သလို အရေးယူပေးမည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် တိုင်ကြားလိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ငွေကုန် ကြေးကျများရန်မလို၊ ရှေ့နေ ငှားရန်မလိုဘဲနှင့် တိုင်ကြားနိုင်ပြီး တိုင်ကြားသူကိုယ်စား အစိုးရက တရားလိုအဖြစ် ရပ်တည်၍ အရေးယူပေးမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများကို-

-မဲပေးခွင့်ရှိသူ တစ်ဦးဦးကဖြစ်စေ

-အမတ်လောင်း (သို့) ကိုယ်စားလှယ် ကဖြစ်စေ

-ကော်မရှင် (သို့) မဲရုံအဖွဲ့ဝင်တစ်ဦးက ဖြစ်စေ

တိုင်တန်းနိုင်ခွင့်ရှိပါသည်။ တိုင်တန်းရမည့်အချိန်မှာ ရွေးကောက်ပွဲနေ့မတိုင်မီ ကျူးလွန်မှုဖြစ်ပါက ရွေးကောက်ပွဲနေ့ မတိုင်မီတွင်လည်းကောင်း၊ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် ကျူးလွန်မှု ဖြစ်ပါက ထိုနေ့တွင်လည်းကောင်း၊ နောက်အကျဆုံး ရွေးကောက်ပွဲကျင်းပသည့်နေ့ မှ ၁၅ ရက် အတွင်းသော်လည်းကောင်း တိုင်တန်း ရမည်ဖြစ်ပါသည်။ ပုဒ်မ-၆၅-ခ

အထက်ပါ ပြဋ္ဌာန်းချက်အရ ရွေးကောက်ပွဲဆိုင်ရာ အမှုများကို သတ်မှတ်ကာလအတွင်းသာ တိုင်တန်းရမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲနေ့မှစ၍ ၁၅ ရက် ကျော်လွန်သွားပါက တိုင်တန်းခွင့် မရှိတော့ကြောင်း သိရှိရန်လိုအပ်ပါသည်။

-ထို့အပြင် ဤပုဒ်မအရ မဲပေးခွင့်ရှိသူက အမတ်လောင်းတစ်ဦးဦးကိုဖြစ်စေ၊ ကိုယ်စားလှယ် တစ်ဦးဦးကိုဖြစ်စေ၊ မဲရုံအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ အခြားသူ တစ်ဦးဦးကိုဖြစ်စေ တရားစွဲဆိုခွင့် ရှိကြောင်း တွေ့နိုင်ပါသည်။

- အမတ်လောင်း (သို့) သူ၏ ကိုယ်စားလှယ်က မဲရုံအဖွဲ့ဝင်၊ ကော်မရှင်အဖွဲ့ဝင် (သို့) မဲပေးသူ (သို့) အခြားသူ တစ်ဦးဦးကို တရားစွဲဆိုနိုင်ကြောင်း တွေ့နိုင်ပါသည်။

-မဲရုံမှူး (သို့) အဖွဲ့ဝင် (သို့) တာဝန်ရှိသူ တစ်ဦးဦးကလည်း အမတ်လောင်း (သို့) ကိုယ်စားလှယ် (သို့) မဲပေးသူ (သို့) အခြားသူတစ်ဦးဦးကို တရားစွဲဆိုခွင့်ရှိကြောင်း တွေ့နိုင်ပါသည်။

ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်ပတ်သက်၍ တည်ဆဲရာဇသတ်ကြီး ဥပဒေ (ပြစ်မှု ဆိုင်ရာ ဥပဒေ) ပုဒ်-၁၇၁-က မှ ၁၇၁-ည ထိပြဋ္ဌာန်းချက် ၁၀ ခု သီးသန့် ရှိပါသေးသည်။ သို့သော်လည်း လက်တွေ့တွင် ထိုဥပဒေများကို မသုံးတော့ဘဲ လက်ရှိ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကိုသာ အသုံးပြုရန်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မောင်ကိုနီ (တရားရုံးချုပ်ရှေ့နေ)**

■